# အသစ်သော သုတေသနပြုမှု အစီရင်ခံစာအရ၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီလမ်းကြောင်း သွေဖီစေရန်အတွက် ခေါင်းမာ ဂိုဏ်းသားများက တမင်ကြံစည်၍ လူမှုအသိုက်အဝန်းများအကြား အကြမ်းဖက်မှုများကို လှုံ့ဆော်နေကြသည်ကို တွေ့ရှိရခြင်း

နေ့ရက်/နေရာ- ၁၁ နာရီ၊ တနင်္လာနေ့၊ မတ်လ ၂၃ ရက်၊ နိုင်ငံခြားသတင်းစာဆရာများကလပ် (ထိုင်းနိုင်ငံ) [Foreign Correspondents Club of Thailand]

ဘန်ကောက်မြို့။ ။ တရားမျှတမှုအဖွဲ့ (Justice Trust) က၊ မြန်မာနိုင်ငံရှိ လူမှုအသိုက်အဝန်းများအကြား အကြမ်းဖက်မှုများကို မမြင်ရသည့်လျှို့ဝှက်လက်မဲများက ဖန်တီးနေကြခြင်း- မန္တလေးအဓိကရုဏ်းအကြောင်း ဖြစ်ရပ်လေ့လာချက် (*Hidden Hands Behind Communal Violence in Myanmar: Case Study of the Mandalay Riots*) အစီရင်ခံစာကို ထုတ်ဝေဖြန့်ချိခဲ့ပြီး၊ ယင်းတွင် စနစ်တကျစုဖွဲ့ထားသည့် လက်နက်ကိုင်အကြမ်းဖက်ဂိုဏ်းများက မူစလင်ဆန့်ကျင်ရေး အဓိကရုဏ်းများကို၊ အလိုအလျောက်ဖြစ်သည့် လူအုပ်စုချင်း အကြမ်းဖက်မှုများသဖွယ် ဖန်တီးနေသည်ကို တွေ့ရှိ မှတ်တမ်းတင်ထားပါသည်။

*"ဒီအစီရင်ခံစာက မြန်မာနိုင်ငံမှာ လူထုအများစုက ကာလကြာရှည်ကတည်းက သိရှိထားတဲ့အချက်ကို ဖော်ပြထားတာပါ။ ဗုဒ္ဓဘာသာဝင်တွေနဲ့ မူစလင်တွေအကြား ဘာသာရေးမုန်းတီးမှုတွေကို လျှို့ဝှက်လက်မဲတွေက အမြတ်ထုတ်ပြီး၊ အာဏာ ဆက်လက်တည်မြဲရေးအတွက် အသုံးချနေကြတဲ့ကိစ္စပါ"* မန္တလေးမြို့မှ ရှေ့နေတစ်ဦးဖြစ်သူနှင့် တရားမျှတမှုအဖွဲ့ (Justice Trust) ၏ ဦးဆောင်ကော်မီတီဝင်တစ်ဦးလည်းဖြစ်သူ ဦးသိန်းသန်းဦးက ပြောသည်။ *"ဒီလိုဇာတ်လမ်းမျိုးတွေ အရင် ကတည်းက အကြိမ်များစွာ ကြုံဖူးပါပြီ။ ယူနီဖောင်းဝတ် စစ်သားတွေအစား၊ အရပ်ဝတ်အင်အားစု (စွမ်းအားရှင်) တွေကို အသုံးချပြီးတော့ နိုင်ငံနဲ့အဝှမ်း နိုင်ငံရေးအကြမ်းဖက်မှုတွေလုပ်နေခဲ့တာပါ။ နိုင်ငံမှာ အမှန်တကယ်လိုအပ်ချက်တွေကို အာရုံလွှဲနိုင်ဖို့ လူနည်းစုတွေကို ဓားစာခံလုပ် အသုံးချနေတဲ့ကိစ္စပါ"* သူက ပြောပြသည်။

ဒေသခံနှင့် နိုင်ငံတကာ ရှေ့နေများပါဝင်သော အဖွဲ့က ၆-လကျော်ကြာ သုတေသနပြုအပြီး၊ ယခုထွက်ပေါ်လာသည့် အစီရင်ခံစာတွင်၊ နိုင်ငံအတွင်း စဉ်ဆက်အလိုက် ဖြစ်ပွားခဲ့သော လူအုပ်စုချင်း အကြမ်းဖက်တိုက်ခိုက်မှုများအနက် နောက်ဆုံး ဖြစ်ပွားသည့်၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လက မန္တလေးမြို့ကို လှုပ်ခတ်သွားစေခဲ့သော အဓိကရုဏ်းများကို သုံးသပ်မှုပြုထားပါ သည်။ ယခုအဓိကရုဏ်းများကို ယခင် စစ်အစိုးရလက်ထက်က ဆောင်ရွက်ခဲ့ကြသည့် ယခင် လူအုပ်စုချင်း တိုက်ခိုက် အကြမ်းဖက်မှု နောက်ခံကြောင်းရာအပေါ် မူတည်ထား၍ သုံးသပ်ထားခြင်းလည်း ဖြစ်သည်။

ယခုအစီရင်ခံစာက သုံးသပ်ထားရာတွင်၊ ဖြစ်ပွားခဲ့သည့် အဓိက လူအုပ်စုချင်း အကြမ်းဖက်မှုများတွင် အောက်ဖော်ပြပါ အချက် ၅-ချက်ကို ယေဘုယျ တူညီစွာ တွေ့ရှိရခြင်းပင် ဖြစ်ပါသည်။ ယင်းတို့မှာ-

၁။ လူမှုမီဒီယာကို အစွန်းရောက်အင်အားစုများမှနေ၍၊ မူစလင်ယောကျ်ားများက ဗုဒ္ဓဘာသာဝင် အမျိုးသမီးအပေါ် မုဒိမ်းကျင့်သည်၊ အခြား စော်ကားကျူးလွန်သည်ဟူသော ကောလာဟလများ ဖြန့်ဝေရန် တစ်လွဲအသုံးပြုခြင်း။

၂။ အကြမ်းဖက် အဓိကရုဏ်းများကို အကြမ်းဖက်ဂိုဏ်းများက ဆောင်ရွက်ကြခြင်း။ အတည်မပြုနိုင်သည့် သတင်းများအရ ပြင်ပမှလူများ ဖြစ်ကြသည်ဟုဆိုပြီး၊ ၎င်းတို့က မူစလင်တို့ကို စွပ်စွဲ၍ ပဋိပက္ခကို စတင်မီးမွှေးကြပြီး၊ ဒေသခံများကို လက်စားချေကြရန် တိုက်တွန်းသည်။
၃။ ရဲအမြောက်အများ ယင်းဖြစ်ပွားရာ နေရာတွင် ဖြစ်ရပ်များ မဖြစ်ပွားမီကပင် ကြိုတင်၍ ချထားရှိသော်လည်း၊ အချိန်မီ ဥပဒေစည်းကြပ်၍ ကြိုတင်ကာကွယ်ရန်၊ ကာကွယ်မှုပေးရန် ပျက်ကွက်ခဲ့ကြသည်။
၄။ ဥပဒေကြောင်းအရ ယုံကြည်ရလောက်သည့် စုံစမ်းစစ်ဆေးမှုများ၊ ကျူးလွန်သူများအပေါ် အပြစ်ပေးမှုများ ဆောင်ရွက်ရန်လည်း ပျက်ကွက်သည်။ တရားရေးစနစ်အပေါ် ပြည်သူများက မယုံကြည်မှု ပိုမိုနက်ရှိုင်းလာစေပြီး၊ အပြစ်ရှိသော်လည်း ကင်းလွတ်ခွင့်ရနေစေသည့် သံသရာကို အားဖြည့်ပေးရာ ရောက်စေသည်။
၅။ ယင်းအဓိကရုဏ်း ဖြစ်ပွားချိန်သည်၊ လူထုအများက တရားမျှတမှု၊ ဒီမိုကရေစီ အခွင့်အရေးအတွက် အရှိန်မြင့် တောင်းဆိုနေချိန်မျိုး ဖြစ်ပြီး၊ အာရုံလွှဲရန်ဟု အချိန်ကိုက် သံသယဖြစ်စရာ ရှိသည်။

မန္တလေးမြို့ အဓိကရုဏ်းသည်လည်း ဤဖော်ပြပါ ဖြစ်စဉ်အချက်များအတိုင်း အတိအကျ လိုက်နာ၍ ဖြစ်ပေါ်ခဲ့သည်။ မုဒိမ်းပြုကျင့်ခံရသည်ဟု စွပ်စွဲမှုများ (Facebook) ဖေ့ဘုတ်ပေါ်တွင် စတင်လာခဲ့သည်။ သို့သော် ယခင်အကြမ်းဖက်မှုများနှင့် မတူသည့်အချက်မှာ၊ လူစုလူဝေး ကြီးထွားလာပြီး အကြမ်းဖက်မှုများ ထိန်းမနိုင်၊ သိမ်းမရ ဖြစ်ပေါ်လာခြင်း မဟုတ်ဘဲ၊ ပြင်ပမှ အကြမ်းဖက်သူများက လာရောက် စည်းရုံးလှုံ့ဆော်ကြသော်လည်း၊ မန္တလေးမြို့ခံလူထုများက ပူးပေါင်းပါဝင် ရန် ငြင်းဆန်ခဲ့ကြသည်။ ယင်းအစား၊ မြို့ခံသံဃာတော်များ၊ တက်ကြွလှုပ်ရှားသူများနှင့် သတင်းစာဆရာများက အခြေအနေကို ထိန်းသိမ်းနိုင်ရန်ပင် ဝိုင်းဝန်း ကြိုးပမ်းခဲ့ကြသည်။ မြို့ခံလူထု၏ စာနာထောက်ခံမှု မရရှိသောကြောင့်၊ ပြင်ပမှ ဆူပူအကြမ်းဖက်သူများလည်း ပေါ်ထွက်ခဲ့ရပြီး၊ ပြည်သူလူထုများအနေဖြင့် သူတို့၏ဆင်ကွက်ဇာတ်လမ်း အကြမ်းဖက်မှုကို မျက်မြင်ကိုယ်တွေ့ သိရှိခဲ့ရသည်။ အလုံးစုံ ပျက်စီးဆုံးရှုံးရမှု နည်းပါးခဲ့သည်။

အစီရင်ခံစာတွင် ဖော်ပြထားရာ၌၊ *"သို့အတွက်ကြောင့် မန္တလေးမြို့ဖြစ်ရပ်သည် မူစလင်ဆန့်ကျင်ရေး အကြမ်းဖက်မှုများ ဖြစ်ပေါ်စေရန် ရည်ရွယ်ချက်ရှိရှိ နိုင်ငံရေးမဟာဗျူဟာအရ ကြိုးပမ်းနေကြောင်း သက်သေ အထောက်အထားအဖြစ် ဖော်ပြနေပြီး၊ ဒေသတွင်း စောစီးစွာ ကြိုတင်သတိပေးမှုစနစ်နှင့် ချက်ချင်း မြေပြင်ပေါ်တွင် စုစည်းတုံ့ပြန်မှုများဖြင့် ယင်းမဟာဗျူဟာ ကို တန်ပြန်နိုင်ကြောင်း အကောင်းဆုံး နမူနာကို ဖော်ပြနေသည်"*ဟု ဆိုပါသည်။

ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် မျက်မြင်သက်သေ အများ၏ ဖော်ပြချက်အရ၊ မန္တလေးမြို့တွင် အဓိကရုဏ်းများကို မော်တော်ဆိုင်ကယ်စီး လူအုပ်စုငယ်က နှစ်ညတိုင်တိုင် ဆောင်ရွက်ခဲ့ကြပြီး၊ မူစလင်ရပ်ကွက်များကို ဖျက်ဆီးတိုက်ခိုက်ခဲ့ကြသည်။ လက်နက်အပြည့်အစုံရှိနေသည့် လုံခြုံရေးထိန်းသိမ်းမှုရဲများ၏ မျက်စေ့ရှေ့မှောက်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး၊ ရဲတို့ က မည်သို့မျှ အရေးယူဆောင်ရွက်မှု မရှိဘဲ၊ အကြမ်းဖက်သူများ၏ နောက်မှသာ လိုက်လံ၍ ကြည့်ရှုနေခဲ့ကြသည်။

*" ကျွန်တော်မြင်တာ ဆိုင်ကယ်တွေနဲ့ လူ ၂၅ ယောက် လောက်ရှိမယ်၊ အော်ဟစ်ပြီး၊ နိုင်ငံတော် သီချင်းဆိုပြီး၊ ဓါးတွေနဲ့ ပေါက်ကြတယ်။ ရပ်ထားတဲ့ကားတွေကို ဖျက်ဆီးကြ တယ်။ အကြမ်းဖက်မှုတွေက တစ်ခုခုကို ပစ်မှတ်ထား လုပ်တာမျိုး မဟုတ်ဘူး။ သူတို့က ဘာမှ မခွဲခြားဘဲ တတ်နိုင်သမျှ ဖျက်ဆီးတာပဲ။"* မန္တလေးဓေတ်ဂျာနယ်၏ အယ်ဒီတာချုပ် ကိုမင်းဒင် က ပြောပြသည်။ *"အဲဒီအချိန်က လုံထိန်းရဲ ၂၀၀ လောက် မြင်ရလောက် တဲ့အကွာ လမ်းအောက်ဖက်မှာ ရှိနေတယ်။ သူတို့နဲ့ ၁၀ မီတာလောက်တောင် မဝေးဘူး။ ဆူပူသူတွေ ဖျက်ဆီးနေတာ သူတို့ဘာမှ မလုပ်ကြဘူး။ အဲဒီလူအုပ်က ၂၅ ယောက် လောက်ပဲ ရှိမယ်။ ရဲတွေကသာ သူတို့ကို ဖမ်းလိုက်မယ်ဆိုရင်*

*ကိစ္စ အားလုံး အဲဒီနေရာမှာပဲ ပြီးသွားမယ်။ အဲဒီလူအုပ်ကို ခွင့်ပြုထားတာ၊ ဆက်ပြီးခွင့်ပြုထားတာ ကျွန်တော်တော့ မယုံကြည်နိုင်တော့ဘူး"* ဟု ဆက်ပြောပြသည်။

ဒေသခံသံဃာများကို စည်းရုံးနိုင်ရန် ဆူပူအကြမ်းဖက်သူများက ဘုန်းတော်ကြီးကျောင်း ၂-ခုသို့လည်း သွားရောက်စည်းရုံးခဲ့ကြသေးသည်။ သို့သော် မအောင်မြင်ခဲ့ပေ။ *" ဘုန်းကြီးတို့ ဘုန်းကြီးကျောင်းကို လူ ၃၀ ယောက်အုပ်စု၊ အဓိကရုဏ်း ဖြစ်ပွားတဲ့ ပထမနေ့၊ နေ့လည် ၁၂း ၃၀ လောက်မှာ ရောက်လာကြတယ်။ သူတို့က မော်တော်ဆိုင်ကယ်တွေ ရပ်ပြီးတော့ ပြောတယ်။ "မူစလင်တွေက ဘုန်းကြီးတွေကို သတ်နေတာ သူတို့မြင်တယ်၊ ဗုဒ္ဓဘာသာဝင်တွေကို ပလီထဲ ဆွဲသွင်းသွားတယ်။ သူတို့နဲ့ပေါင်းပြီး လူသတ်သမားတွေကို တိုက်ခိုက်ကြ" ဖို့ ပြောတယ်။ သူတို့က ဓားတွေ၊ တုတ်တွေကိုင်ထားကြပြီး၊ အော်ဟစ်နေကြတော့ ရဟန်းငယ်တွေလည်း ကြောက်လန့်ပြီး ပင်မ အဆောက်အဦထဲကို ပြေးဝင်ကုန်ကြတယ်။ ဘုန်းကြီးလည်း သက်တော်-ဝါတော်ကြီး သံဃာ ၁၀-၁၅ ပါးလောက်နဲ့ လူအုပ်ကို တွေ့ဖို့ ဆင်းလာတယ်။ သူတို့ မူးရူးနေကြပြီး၊ မထိန်းမသိမ်းနိုင်လောက်အောင် ဖြစ်နေတာတွေ့ တယ်။ ဘုန်းကြီးတို့ ငြိမ်းချမ်းစွာနေတာကို နှောင့်ယှက်ရာ ကျနေပြီလို့ ပြောတယ်"* မိုးကောင်းကျောင်းတိုက်မှ ဦးဆောင်သံဃာတစ်ပါး ဖြစ်သည့် ဦးခနက ပြောပြသည်။ *"မထူးဆန်းဘူးလား၊ ဆူပူအကြမ်းဖက်သူ လူ ၃၀ လောက်က မန္တလေးမြို့ကို လှည့်ပတ်ပြီး၊ ဖျက်ဆီးနေကြတယ်။ သတ်ဖြတ်နေကြတယ်။ လမ်းပေါ်မှာ အဓိကရုဏ်းဖြစ်နေတုန်းက ရဲတွေ ရာနဲ့ချီရှိတာပဲ။ ရဲအင်အား ရာကျော်က ဘာဖြစ်လို့ ပြဿနာလုပ်နေတဲ့ လက်တစ်ဆုပ်စာလူတွေကို မဖမ်းဆီးနိုင်ရတာလဲ"* သူက မေးခွန်းထုတ်ခဲ့သည်။

ဆူပူအကြမ်းဖက်သူများကို အရေးယူဆောင်ရွက်ရန် ရဲများက ပျက်ကွက်ခဲ့ခြင်းသည်၊ အစွန်းရောက်မျိုးချစ် အင်အားစုဖြစ်သည့် ဗုဒ္ဓဘာသာ ၉၆၉ လှုပ်ရှားမှုက ဖန်တီးထားသည့် ရန်လိုတိုက်ခိုက်လိုသော ဝန်းကျင်အပေါ် ဖြေရှင်းနိုင်ရန် အစိုးရ၏ ပျက်ကွက်မှုလည်း ဖြစ်သည်။ ယင်းလှုပ်ရှားမှုက မူစလင်များအားလုံးကို မြန်မာနိုင်ငံ၏ ကျင့်ဝတ်တရားနှင့် ဘာသာရေး ဓလေ့ထုံးတမ်းများကို ဖျက်ဆီးထိပါးရန် ကြံစည်နေသည့် နိုင်ငံခြားသားများဟု ပုံဖော်ပြောဆိုနေကြသည်။ ယခုအစီရင်ခံစာတွင် ၉၆၉ လှုပ်ရှားမှု၏ အငြင်းပွားဖွယ်ခေါင်းဆောင် ရဟန်းဦးဝီရသူသည်၊ အကြမ်းဖက်မှုများ လှုံ့ဆော်ရာတွင် တိုက်ရိုက်အခန်းကဏ္ဍက ပတ်သက်ကြောင်း ဖော်ပြထားသည်။ *"ဦးဝီရသူ ကိုယ်တိုင်က မူစလင်ဆန့်ကျင်ရေး ဟောပြောမှုများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ပြီး၊ ရခိုင်ပြည်နယ်၊ မိတ္ထီလာ၊ လားရှိုးနှင့် မန္တလေးမြို့များရှိ မူစလင်လူမှု အသိုက်အဝန်းများကို တိုက်ခိုက်မှုများ မတိုင်မီ၊ လူမှုမီဒီယာ လှုံ့ဆော်စည်းရုံးမှုများလည်း ဆောင်ရွက်ခဲ့သည်။ သူ၏ ဟောပြောမှုများနှင့် ရာဇဝတ်ကြောင်း အကြမ်းဖက်မှု အတိအကျဖြစ်ရပ်များ ဆက်စပ်နေမှုမှာ လှုံ့ဆော်မှုအတွက် အဓိကသက်သေ အကြောင်းအရင်း (prima facie evidence) ဖြစ်ပါသည်။ ဖက်မလိုက်သည့် စုံစမ်းစစ်ဆေးမှုများ ပျက်ကွက်နေခြင်းနှင့် အရေးယူမှု ပျက်ကွက်နေ သည့်အတွက်ကြောင့်၊ အစွန်းရောက်အင်အားစုများက နောက်ထပ် ဥပဒေချိုးဖောက်မှုများ ပြုရန် တိုက်တွန်းအားပေးသကဲ့သို့ ဖြစ်နေစေသည်။"* ဟု ဖော်ပြထားသည်။

မည်သို့ပင် ဖြစ်စေ၊ ယခုအစီရင်ခံစာက ဘာသာရေး သည်းညည်းခံနိုင်မှု မထားနိုင်သည့်အခြေအနေ တိုးတက်လာ၍ အန္တရာယ်ရှိနေကြောင်း အသိအမှတ်ပြု ဖော်ပြထားပြီး၊ အကြမ်းဖက်မှုများ ဖြစ်ပေါ်ရသည့်အတွက် ဗုဒ္ဓဘာသာ လူမျိုးကြီး မျိုးချစ်ဝါဒီများ အပေါ် အဓိကပြစ်တင်ပုံချတတ်ကြသည့်၊ နိုင်ငံတကာမှ ပုံမှန် ဖော်ပြပြောဆိုချက်များကိုလည်း မေးခွန်း ထုတ်ထားပါသည်။ "တိမ်မြုပ်နေသည့် ဘာသာရေး ကွဲပြားမှုများ ရှိနေသည်မှာ သေချာသော်လည်း၊ ယင်းကို အမုန်းတရားဖြန့်ချိနေကြသည့် အမျိုးသားရေးဝါဒီများနှင့် အခွင့်အရေးသမား နိုင်ငံရေးသမားများက အမြတ်ထုတ်၍ ကြီးထွားအောင် လုပ်ဆောင်နေကြသည်။ သို့သော်လည်း အမုန်းတရားပြန့်ပွားရေး ဟောပြောချက်များမှနေ၍ အလုံးစုံ သတ်ဖြတ်၊ ဖျက်ဆီးမှု ဖြစ်ရန်မှာ အခြားအကြောင်းအချက် လိုအပ်ပါသေးသည်။ ယင်းမှာ နိုင်ငံရေးရည်

မုန်းချက်အတွက် ရာဇဝတ်မှု အကြမ်းဖက်မှုများ ဖြစ်ပေါ်လာစေရန် ရန်ပုံငွေထောက်ပံ့၊ စုဖွဲ့ထားသည့် လက်နက်ကိုင်လူအုပ်စုကြီးပင် ဖြစ်သည်" ဟုလည်း ဖော်ပြထားသည်။

ယခုအစီရင်ခံစာတွင် မမြင်ရသည့် လျှို့ဝှက်လက်မဲများ၏ နိုင်ငံရေးရည်မှန်းချက်များကို ဖော်ပြထားပြီး၊ ယင်းမှာ ဒီမိုကရေစီပြုပြင် ပြောင်းလဲရေးအပေါ် ဖျက်ဆီးနှောင့်ယှက်ရေးနှင့်၊ ယခင် စစ်အစိုးရနှင့်ဆက်နွယ်နေကြသည့် ခေါင်းမာဂိုဏ်းသားများက ကန့်လန့်ကာနောက်ကွယ်မှနေ၍ အာဏာဆက်လက် ထိန်းချုပ်ထားရေးပင် ဖြစ်ပါသည်။ သို့အတွက်ကြောင့် မမြင်ရသည့် လျှို့ဝှက်လက်မဲများက ဖန်တီးထားသည့် ထောင်ချောက်များကြောင့်၊ လူမှုအသိုက်အဝန်းများအကြား သွေးကွဲမှု ကြီးထွားလာပြီး၊ လာမည့် ရွေးကောက်ပွဲကာလတိုင် မတည်ငြိမ်မှုများလည်း ပို၍တိုးလာစေပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးတံခါးအဖွင့်ကိုလည်း ပြုပြင်ပြောင်းလဲရေးမှသည် ဖောက်ပြန်နောက်ဆုတ်သည့် ခြေလှမ်းသို့ ဖြစ်ပေါ်စေခဲ့သည်။

*" ရခိုင်ပြည်နယ်မှာ ၂၀၁၂ ခုနှစ် ကနေပြီးတော့ ၂၀၁၄ ခုနှစ် မန္တလေးဖြစ်ရပ်အထိ၊ ဘာသာရေးအကြမ်းဖက်မှုတွေ လှုံ့ဆော်နေတာက ယခင်စစ်အစိုးရဟောင်းက ခေါင်းမာဂိုဏ်းသားတွေရဲ့ အာဏာ၊ သူတို့က မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအသွင်ပြောင်းမှုအပေါ် ချုပ်ကိုင်ဖို့ ကြိုးပမ်းနေတာကို ဖော်ပြနေပါတယ်။"* တရားမျှတမှုအဖွဲ့ (Justice Trust) ၏ အမှုဆောင်ဒါရိုက်တာ ရော်ဂျာ နော်မန် (Roger Normand) က ပြောပါသည်။ *"အစိုးရအနေနဲ့ လူသားအားလုံးကို ကာကွယ်မှုပေးဖို့ အစိုးရကတိကဝတ်တွေကို ဖြည့်ဆည်းပေးရပါမယ်။ နိုင်ငံရေးရည်ရွယ်ချက်အတွက် လူအုပ်စုအချင်းချင်းကြား ပဋိပက္ခတွေ ဖြစ်လာအောင် ဖန်တီးနေသူ အင်အားစုတွေကို အရေးယူရပါမယ်"* ဟု သူက တိုက်တွန်းသည်။

ယခုအစီရင်ခံစာက နိဂုံးချုပ် ဖော်ပြထားရာတွင်၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများကို အကြံပြုရာ၌ လူအုပ်စုချင်း အကြမ်းဖက်မှုများ ဖြစ်ပေါ်စေရန် လှုံ့ဆော်နေသည့် မဟာဗျူဟာကို တုံ့ပြန်နိုင်ရန်၊ ဒေသခံ တုံ့ပြန်မှုများ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ကြရမည် ဖြစ်ပြီး၊ အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးအတွက်၊ ဘာသာ-လူမျိုးမခွဲခြားဘဲ လူသားအားလုံးကို တန်းတူညီစွာ ကာကွယ်မှုပေးနိုင်ရေးအတွက် ယင်းတာဝန်ကို မြှင့်တင်ဆောင်ရွက်ရန် တိုက်တွန်းထားပါသည်။

<u>သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက၊ တွေ့ဆုံမေးမြန်းမှု ပြုလိုပါက- ကျေးဇူးပြု၍ ဆက်သွယ်ရန်။</u>
အင်္ဂလိပ်ဘာသာဖြင့်- ရော်ဂျာ နော်မန် (Roger Normand) (+66) 8452 1133, roger.normand@justicetrust.org
မြန်မာဘာသာဖြင့်- ဦးသိန်းသန်းဦး (+95) 92013 831, tarkawde@gmail.com